# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 14 , 2024 Volume 75, Number 9

၁၄.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၇.၄ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ကော်ဖီကို ပြည်ပကဝယ်လိုအားကောင်းပေမဲ့ နိုင်ငံတွင်း အခြေအနေကြောင့် တင်ပို့မှုလျော့ကျနိုင်

မြန်မာ့ကော်ဖီကို ပြည်ပနိုင်ငံတွေဆီက ပြည်ပဝယ်လိုအား ကောင်းနေပေမဲ့လည်း နယ်စပ်လမ်းကြောင်းတင်ပို့မှု၊ သယ်ယူပို့ဆောင်ရေး အခက်အခဲတွေရှိနေတဲ့အတွက် ကော်ဖီဈေးကွက်သည် မျှော်မှန်းဖို့ခက်တဲ့အခြေအနေဖြစ်နေတယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းက သိရပါတယ်။

ကော်ဖီအဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားနေတဲ့ နယ်မြေမအေးချမ်းမှုတွေကြောင့် ကော်ဖီတွေ ခူးနိုင်ခြင်းမရှိသလို ကုန်သည်တွေလည်း သွားရောက်ဝယ်ယူနိုင်မှုမရှိခြင်း၊ ကော်ဖီခူးဆွတ်နိုင်ပါကလည်း သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်း၊ တရုတ်နဲ့ထိုင်းကို နယ်စပ်လမ်းကြောင်းကနေ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်ခြင်းစတဲ့အခက်အခဲတွေကြောင့် ပြည်ပတင်ပို့မှု လျော့ကျပြီး ဈေးကွက်ခန့်မှန်းရခက်နေတာဖြစ်တယ်လို့သိရပါတယ်။

"ကော်ဖီရှိတဲ့နေရာအများစုက သွားလာမရတာနဲ့ ခက်ခဲတာတွေရှိနေတော့ ကော်ဖီဈေးကွက်က ခန့်မှန်းလို့မရဘူး၊ ကျွန်တော်တို့ကတော့ လမ်းကြောင်းရှာပြီး သွားလို့ရတဲ့နေရာကသွားနေပေမယ့် နယ်စပ်ကနေ ယိုးဒယားဘက်ပို့တာလည်းရပ်နေတယ်၊ နယ်စပ်ကနေ ထိုင်းကိုအဓိကပို့တာဖြစ်ပြီး ပို့ရတာအခက်အခဲတွေ ရှိနေတယ်၊ တရုတ်ကလည်း အခက်အခဲရှိနေတယ်၊ အခုကမိုင်းလားအပေါက်ရှိမယ်၊ လွယ်ဂျယ်ရှိမယ်ဆိုပေမယ့် ကုန်ကျစရိတ်အရမ်းများတယ်။ လမ်းခရီးလုံခြုံရေးရှိတယ်" လို့ မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအသင်းဝင် ကော်ဖီလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဒါကြောင့် လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ပြည်ပကို ကော်ဖီတင်ပို့ရောင်းချမှုသည် အရင်ဘဏ္ဍာနှစ်ထက် လျော့ကျမဲ့ အခြေအနေရှိတယ်လို့သိရပါတယ်။ "အရင်နှစ်က တစ်နိုင်ငံလုံးရဲ့ထွက်အား ၈၀ ရာခိုင်နှုန်းလောက် ပြည်ပတင်ပို့နိုင်ခဲ့တာပေါ့၊ အခုကတော့ အဲဒီနှုန်းထက်ကို လျော့နိုင်မယ်" လို့ သူကထပ်မံပြောပါတယ်။

မြန်မာနိုင်ငံမှထွက်ရှိတဲ့ ကော်ဖီကိုတော့ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကို နယ်စပ်ဂိတ်ပေါက်တွေကတစ်ဆင့် အဓိကတင်ပို့ရပြီး ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနဲ့ UAE နိုင်ငံတွေကိုတော့ ပင်လယ်ရေကြောင်းကနေ တင်ပို့ရောင်းချရတာဖြစ်ပါတယ်။

ပြည်ပဈေးကွက်မှာတော့ ကော်ဖီတစ်တန်ကို ကုန်ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အမေရိကန်ဒေါ်လာ ၅၀၀၀ ကျော်မှ ၈၀၀၀ ကျပ်ကျော်အထိ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကော်ဖီကို နိုဝင်ဘာလကနေ မတ်လအတွင်း ခူးဆွတ်၍ ဧပြီလမှစပြီး ကော်ဖီလက်ကျန်နဲ့ ဝယ်လိုအားအပေါ်လိုက်ကာ တစ်နှစ်ပတ်လုံး ပြည်ပကို တင်ပို့ရောင်းချတာဖြစ်တယ်လို့သိရပါတယ်။

ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ပြင်ဦးလွင်ဒေသမှာ အများဆုံးစိုက်ပျိုးကြပြီး၊ ချင်းပြည်နယ်အပါအဝင် ကျန်တဲ့မြို့နယ်အချို့မှာလည်း စိုက်ပျိုးလာကြပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်ကော်ဖီတန်ချိန် ၁၀,၀၀၀ လောက်ထွက်ရှိပြီး ပြည်ပတင်ပို့ရောင်းချရာမှာ Arabica ကော်ဖီကိုသာ အဓိက တင်ပို့ရောင်းချနေရတာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာဆိုရင် ကော်ဖီ စိုက်ဧက ၅၀,၀၀၀ ခန့်ရှိပြီး ဧက ၃၈,၀၀၀ ဝန်းကျင်မှာက Arabica အာရေးဗီးကား ကော်ဖီမျိုးစိုက်ပျိုးပြီး ကျန်တဲ့ ဧက ၁၂,၀၀၀ ဝန်းကျင်မှာ Robusta ရိုဘမ်စတာ ကော်ဖီမျိုးကို စိုက်ပျိုးတယ်လို့သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## စိုက်ပျိုးရေး ဈေးကွက်သတင်း




ဒီတစ်ပတ်မှာ မတ်ပဲကဈေးပြန်ကျပြီး ပဲစင်းငုံကလည်း ဈေးကွက် မငြိမ်ပေမယ့် အတက်ပြလာပါတယ်။ အလားတူ မြေထောက်ပဲလည်း တက်လာသလို ပဲတီစိမ်းလည်း ဈေးတက်လာပါတယ်။

**မတ်ပဲဈေးကွက်**

မတ်ပဲကတော့ ဒီတစ်ပတ်ထဲမှာ ဈေးကွက်တည်ငြိမ်မှုမရှိဘဲ ဈေးအတက်အကျ ကြမ်းခဲ့ပါတယ်။ မတ်ပဲအသစ်တွေလည်း နယ်စုံကနေ ဈေးကွက်ထဲစတင်ပြီး ဝင်ရောက်နေတဲ့အတွက် ဈေးတန်းက ပြန်အေးသွားပေမယ့် အိန္ဒိယက မြန်မာ့မတ်ပဲကို လိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းတာကြောင့် ဈေးကွက်က လှုပ်ခတ်မှုရှိနေတာဖြစ်ပါတယ်။

အိန္ဒိယက ဖေဖော်ဝါရီလထဲမှာ မတ်ပဲတန်ချိန်အများအပြား ဝယ်ယူဖို့ရှိတဲ့အပြင်မတ်ပဲကို အခွန်ကင်းလွတ်ခွင့်နဲ့ ပဲတင်ပို့ခွင့်ပါ လာမဲ့နှစ်မတ်လအထိ သက်တမ်းတိုးမြှင့်ထားတာကြောင့် မတ်ပဲဈေးကတော့ သိန်း ၃၀ အောက်ကို ပြန်ကျနိုင်တဲ့ အခြေအနေမရှိဘူးလို့ သိရပါတယ်။

ဖေဖော်ဝါရီ ဒုတိယအပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ တစ်တန်ကို ၃၃,၀၀,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁,၀၄,၀၀၀ လောက် ပြန်ကျခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပိဿာ ၆၀ တစ်အိတ်ကို ၃,၁၀,၀၀၀ ကျပ်ဈေးပေါက်ပြီး ပြီးခဲ့တဲ့အပတ်ထက် ၁၀,၀၀၀ ကျပ်ဈေးကျလာတာ တွေ့ရပါတယ်။

နယ်ကုန်စည်ဒိုင်တွေမှာလည်း မတ်ပဲတစ်တင်းကို ၁,၁၂,၅၀၀ ကျပ်အထိရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ၁,၀၆,၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၆၅၀၀ လောက်အထိ ပြန်ကျသွားပါတယ်။

**ပဲစင်းငုံနီဈေးကွက်**

ပဲစင်းငုံနီကလည်း ဒီတစ်ပတ် ဈေးကွက်အတက်အကျ မတည်ငြိမ်ပေမယ့် အရင်အပတ်ကထက်တော့ ဈေးကွက်မြင့်လာပြီး သိန်း ၄၀ ကျော်လာတဲ့ အခြေအနေတွေ့ရပါတယ်။

ပဲစင်းငုံနီကိုလည်း အိန္ဒိယဘက်ကလိုအပ်ချက်ရှိပြီး ဝယ်လိုအားကောင်းနေတာကြောင့် ဈေးကွက်ထဲကို ပဲစင်းငုံနီအသစ်တွေဝင်ရောက်နေပေမဲ့လည်း ဈေးတန်းက ထပ်မံမြင့်တက်လာတာဖြစ်ပါတယ်။

နောက်ပြီး ပဲစင်းငုံကိုလည်း အိန္ဒိယကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့်ကို လာမဲ့မတ်လအထိ သက်တမ်းတိုးထားတဲ့ အပြင် ပဲတန်ချိန်အများအပြားဝယ်ယူဖို့ရှိတာကြောင့် ဈေးကအတက်ဘက်မှာပဲရှိတယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ဖေဖော်ဝါရီ ဒုတိယအပတ်ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ၄၀,၂၇,၀၀၀ ကျပ်အထိ ရှိလာပြီး အရင်တစ်ပတ်နဲ့ယှဉ်ရင် ၈၇,၀၀၀ ကျပ် ထပ်ပြီး မြင့်တက်လာတာဖြစ်ပါတယ်။

အလားတူ မန္တလေးဈေးကွက်မှာလည်း ပိဿာ ၆၀ တစ်အိတ်ကို ၃,၈၅,၀၀၀ ကျပ် ဈေးပေါက်လာပြီး အရင်အပတ်နဲ့နှိုင်းယှဉ်ရင် တစ်အိတ်ကို ၅၀၀၀ ကျပ်လောက် ထပ်တက်လာတာဖြစ်ပါတယ်။

**ပဲတီစိမ်းဈေးကွက်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်ရန်ကုန်မှာ ဈေးတွေတက်လာတာဖြစ်ပြီး မန္တလေးဈေးကွက်မှာ ဈေးငြိမ်နေတာတွေ့ရပါတယ်။

ပဲတီစိမ်းအသစ်တွေ ကုန်စည်ဒိုင်တွေကို နယ်အစုံကနေ ဝင်ရောက်နေမှုနဲ့အတူ တရုတ်ကလည်း ဝယ်လိုအားကောင်းနေတာကြောင့် ဈေးကတက်လာတာဖြစ်ပါတယ်။

တရုတ်က ပဲတီစိမ်းအဟောင်းထက် ဆောင်းသီးနှံပဲအသစ်ကို ပိုပြီးကြိုက်တဲ့အတွက် တရုတ်ဝယ်လက်တွေကဝယ်ယူမှုများနေတာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ဒုတိယအပတ် ရန်ကုန်ဘုရင့်နောင် မှာပဲတီစိမ်း ခရမ်းရွှေဝါ တစ်ပိဿာကို ၄၅၀၀ ကျပ် ၊ ပဲတီစိမ်း ပဲခူးရွှေဝါကတစ်ပိဿာကို ၄၄၆၅ ကျပ် ၊ပဲတီစိမ်း ဝါးခယ်မက တစ်ပိဿာကို ၃၅၀၀ မှ ၃၈၃၅ ကျပ်ရှိပြီး ပဲအမျိုးအစားအလိုက်တစ်ပိဿာကို ၈၅ ကျပ်မှ ၂၁၅ ကျပ် မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ) ပိဿာ ၅၆ ဒသမ ၂၅ တစ်အိတ်ကို အမြင့်ဆုံး ၂,၀၀,၀၀၀ ကျပ်ဈေးရှိပြီး အရင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပါတယ်။

**မြေထောက်ပဲဈေးကွက်**

မြေထောက်ပဲကတော့ ဈေးကွက်အတက်ကျ မတည်ငြိမ်ပေမဲ့ အရင်တစ်ပတ်နဲ့ယှဉ်ရင်တော့ ဈေးတက်လာတာ တွေ့ရပါတယ်။

မြေထောက်ပဲကို တရုတ်နဲ့အိန္ဒိယက အဝယ်ရှိနေတာကြောင့် ဈေးကအမြင့်ဈေးမှာရှိနေပြီး လတ်တလောမှာ ပဲအသစ်တွေလည်း စတင်ပေါ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်ကို ၄,၀၅,၀၀၀ အထိမြင့်တက်ခဲ့ရာကနေ ၃,၉၅,၀၀၀ ကျပ်ကိုပြန်ကျခဲ့ပေမယ့် ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ ၁၀,၀၀၀ လောက် မြင့်တက်လာတာဖြစ်ပါတယ်။

**Source: AMIA**

**#Awba**

## မော်လမြိုင်မြို့တွင်ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းနှင့်ပဲဈေးနှုန်းများ

မော်လမြိုင်မြို့တွင် ဖေဖော်ဝါရီလပထမပတ်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများမှာ ပေါ်ဆန်းမွှေးဆန်အသစ် တစ်တင်းလျှင် အမြင့်ဆုံးဈေးမှာ (၁,၂၅,၀၀၀)ကျပ်၊ အနိမ့်ဆုံးဈေးမှာ (၁,၂၂,၀၀၀) ကျပ်၊ ပေါ်ကျွဲဆန်အသစ်တစ်တင်းလျှင် အမြင့်ဆုံးဈေးမှာ (၁,၁၀,၀၀၀)ကျပ်၊ အနိမ့်ဆုံးဈေးမှာ(၁,၀၇,၀၀၀)ကျပ်၊ ဧည့်မထဆန်အသစ်တစ်တင်းလျှင် အမြင့်ဆုံးဈေးမှာ(၈၃,၀၀၀)ကျပ်၊ အနိမ့်ဆုံးဈေးမှာ(၇၉,၀၀၀)ကျပ်နှင့် ပဲတီစိမ်းတစ်တင်းလျှင်(၇၀,၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၁၀,၃၀၀၀)ကျပ်၊ မြေပဲအသစ်တစ်တင်းလျှင်(၁၆,၃,၀၀၀)ကျပ်တို့ဖြစ်ပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေးဆန် အသစ်တစ်တင်းလျှင် အမြင့်ဆုံးဈေး မှာ (၁,၂၁,၀၀၀)ကျပ်၊ အနိမ့်ဆုံးဈေးမှာ (၁,၁၈,၀၀၀)ကျပ်၊ ပေါ်ကျွဲဆန်အသစ်တစ်တင်းလျှင် အမြင့်ဆုံးဈေးမှာ (၁,၁၀,၀၀၀)ကျပ်၊ အနိမ့်ဆုံး ဈေးမှာ(၁,၀၇,၀၀၀)ကျပ်၊ ဧည့်မထဆန်အသစ် တစ်တင်းလျှင် အမြင့်ဆုံးဈေးမှာ(၈၀,၀၀၀)ကျပ်၊ အနိမ့်ဆုံးဈေးမှာ(၇၆,၀၀၀)ကျပ်နှင့် ပဲတီစိမ်း တစ်တင်းလျှင်(၆၀,၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၁,၀၁,၂၀၀)ကျပ်၊ မြေပဲအသစ်တစ်တင်းလျှင် (၁,၅၈,၅၀၀)ကျပ်တို့ဖြစ်ရာ ဇန်နဝါရီလ နောက်ဆုံးပတ်နှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းနှင့်ပဲဈေးနှုန်းတို့မှာ အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: မွန်ပြည်နယ်ဦးစီးမှူးရုံး**

## ပို့ကုန်ပဲများ ဈေးတက်

မကွေးတိုင်းဒေသကြီးတွင် ပဲမျိုးစုံစိုက်ပျိုးကြပြီး ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ အစရှိသည့်ပဲများကို အဓိကစိုက်ပျိုးကြပါသည်။ ပို့ကုန်ပဲများမှာ တရုတ်နှင့်အိန္ဒိယမှဝယ်လိုအားကြောင့် အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ကျန်ပဲများဖြစ်သည့် ပြည်တွင်းသုံးပဲများမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဈေးငြိမ်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်၊ မတ်လအထိတိုးမြှင့်ထားခြင်းကြောင့် နောက်တွင်ဈေးမြင့်လာနိုင်သည်ဟု ယူဆကြ၍ လှောင်လက်များမှ အဝယ်များလာကာ ဈေးတက်လာခြင်းဖြစ်ပါသည်။

ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံသီးနှံအနေဖြင့် ပေါ်စမှာပင်ဈေးကောင်းရနေပြီး ယခုအချိန်တွင် ပေါ်စထက်ဈေးပိုရနေကာ မတ်ပဲနှင့်ပဲတီစိမ်းမှာလည်း အလားတူဈေးကောင်းရနေပါသည်။ ပဲစင်းငုံ (၂၀) ပိဿာတစ်တင်းလျှင် ဒီဇင်ဘာလတွင် ကျပ်(၉၀,၀၀၀)ကျော်၊ ဇန်နဝါရီလတွင် ကျပ်(၁,၀၀,၀၀၀) ကျော်၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ်(၁,၃၀,၀၀၀)ကျော်ထိ အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်တဲ့အတွက် တစ်တင်းလျှင် ကျပ်(၁၀,၀၀၀)သောင်းကျော် ဈေးမြင့်တက်လာပါသည်။

မတ်ပဲ(၂၀)ပိဿာတစ်တင်းလျှင် ဒီဇင်ဘာလတွင် ကျပ်(၉၀,၀၀၀)ကျော်၊ ဇန်နဝါရီလတွင် ကျပ်(၉၅,၀၀၀)ကျော်၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ်(၁,၀၀,၀၀၀)ကျော်ဈေးဖြင့် အရောင်းအဝယ်ဖြစ်တဲ့အတွက် တစ်တင်းလျှင် ကျပ်(၁၀,၀၀၀)သောင်းကျော် ဈေးမြင့်တက်လာပါသည်။

ပဲတီစိမ်း(၂၀)ပိဿာတစ်တင်းလျှင် ဒီဇင်ဘာလတွင် ကျပ်(၆၀,၀၀၀)ကျော်၊ ဇန်နဝါရီလတွင် ကျပ်(၇၀,၀၀၀)၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ်(၇၈,၀၀၀)ဈေးဖြင့် အရောင်းအဝယ်ဖြစ်တဲ့အတွက် တစ်တင်းလျှင် ကျပ်(၁၀,၀၀၀)သောင်းကျော် အသီးသီး ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အညာဒေသထွက် ဆီးသီးဆီးဆန်ဈေးကွက်

မကွေးတိုင်းဒေသကြီးသည် ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်၍ ဆီးပင်အများအပြား အလေ့ကျပေါက်ရောက်ရာ ဒေသလည်းဖြစ်ပါသည်။ ဆီးသီးကုန်ကြမ်းပေါ်များသည့်အတွက် Value Added ထုတ်လုပ်သည့် လုပ်ငန်းရှင်များလည်း ရှိပါသည်။ အညာဒေသထွက်ဆီးသီးကို ဆီးယို၊ ဆီးဖျော်ရည်နှင့်အလုကုန်များတွင် ထည့်သွင်းထုတ်လုပ်ကြပါသည်။ ဆီးသီးကို စားသုံးပါက ကျန်းမာရေးနှင့်ညီညွတ်ကာ စိတ်ကြည်လင်လန်းဆန်းစေပါသည်။

ဆီးသီးကိုပြည်တွင်းထုတ်လုပ်သူများမှ ဝယ်လိုအားရှိနေပြီး ဆီးသီးမှထွက်ရှိသည့် ဆီးဆန်ကို ပြည်ပဈေးကွက်အနေဖြင့် တရုတ်နှင့်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့ရောင်းချနေရပါသည်။ ယခုလက်ရှိတွင် တရုတ်နှစ်သစ်ကူးပွဲတော်နီးလာ၍ တင်ပို့မှုမှာ ယခင်ရက်များထက် နည်းနေပါသည်။ ဆီးဖျော်ရည်လုပ်ငန်းများဖြစ်သည့် စလေ(ရွှေဆောင်)၊ Jumjul ၊ OK-1 အစရှိသည့် လုပ်ငန်းရှင်များမှလည်း ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ပြည်ပကုန်စည်ပြပွဲများတွင် သွားရောက်ပြသခဲ့ကြပါသည်။ ဆီးသီးမှာ ဇန်နဝါရီလတွင်စတင်ထွက်ပေါ်လာပြီး ဧပြီလအထိ ထွက်ရှိပါသည်။ ယခုနှစ်တွင် ဆီးသီးဈေးကောင်းရရှိနေကာ မန္တလေးသို့အများဆုံး တင်ပို့ရောင်းချနေရပါသည်။ ယခုနှစ်ဆီးသီး အစိုတစ်တင်းလျှင် ကျပ်(၁၁,၀၀၀မှ ၁၂,၀၀၀)၊ အခြောက်တစ်တင်းလျှင် ကျပ်(၁၅,၀၀၀)ဈေးရရှိနေပြီး ဆီးဆံတစ်ပိဿာလျှင် ကျပ်(၅၅,၀၀၀မှ ၅၈,၀၀၀)ဈေးအထိ ရရှိပါသည်။ ယခင်နှစ် ဆီးသီးဈေးမှာ အစိုတစ်တင်းလျှင် ကျပ်(၁၀,၀၀၀)၊ အခြောက်တစ်တင်းလျှင် ကျပ်(၁၄,၀၀၀မှ ၁၅,၀၀၀)နှင့် ဆီးဆန်တစ်ပိဿာလျှင် (၈၀,၀၀၀)ဈေးထိ အမြင့်ဆုံးရရှိသည့်အတွက် ဆီးသီးအစိုနှင့်အခြောက်ဈေးမှာ ယခင်နှစ်ထက် ဈေးပိုရပြီး ဆီးဆန်ဈေးမှာလည်း ယခင်နှစ်ထက် ဈေးပိုမိုရရှိလာနိုင်သည်ဟုမျှော်လင့်၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆီးသီးလုပ်ငန်းရှင်ထံမှ သိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## စီးပွားရေးပြန်လည်ဦးမော့လာရန် ထိုင်းနိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော သီရိလင်္ကာနိုင်ငံ

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ယမန်နှစ်က ၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းပြီးနောက် သီရိလင်္ကာသည် စီးပွားရေးပြန်လည်ဦးမော့လာရန် နည်းလမ်းများရှာဖွေလျက်ရှိပါသည်။ သီရိလင်္ကာသည် ထိုင်းနိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA) ကို လက်မှတ်ရေးထိုးပြီးနောက် ဆယ်စုနှစ်များစွာ ကြာရှည်နေပြီဖြစ်သော ၎င်း၏အဆိုးဝါးဆုံး ငွေကြေးအကျပ်အတည်းမှ ရုန်းထွက်နိုင်လိမ့်မည်ဟု မျှော်လင့်နေပါသည်။

သီရိလင်္ကာသမ္မတရုံး၊ မီဒီယာဌာန၏ ထုတ်ပြန်ချက်တွင် ယခုသဘောတူညီချက်မှ ကုန်စည်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်စသည့်ကဏ္ဍစုံတွင် စေ့စပ်ညှိနှိုင်းမှုများမှ ဈေးကွက်အခွင့်အလမ်းများကိုမြှင့်တင်ရန် ရည်ရွယ်ကြောင်းဖော်ပြခဲ့သည်။

ကမ္ဘာ့ဘဏ်များ၏ခန့်မှန်းချက်အရ ယမန်နှစ်ကဆိုးဝါးသော နိုင်ငံခြားငွေလဲလှယ်မှုကြောင့် ငွေကြေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ကာ ၃ ဒသမ ၈ ရာခိုင်နှုန်း စီးပွားရေးကျဆင်းခဲ့သော သီရိလင်္ကာသည် ၎င်း၏ ကျဆင်းနေသောစီးပွားရေးကို ပြန်လည်မြှင့်တင်ရန် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို ဆက်လက်သက်တမ်းတိုးရန် အလေးအနက်ထားလျက်ရှိပါသည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် အခြားသဘောတူညီချက်များ လက်မှတ်ရေးထိုးရန် ကိုလံဘိုမြို့သို့ ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ် ဆူရက်သာသာဗီဆင် (Srettha Thavisin)က ယခုကိစ္စသည်နှစ်ဖက်စလုံးအတွက် များပြားသော စီးပွားရေးအခွင့်အလမ်းများကို ယူဆောင်ပေးမည်ဖြစ်ကြောင်း၊ နှစ်ဖက် ပုဂ္ဂလိကကဏ္ဍများကို အပြန်အလှန်အကျိုးရှိစေမည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ရှာဖွေရန်တိုက်တွန်းပါကြောင်း ပူးတွဲမီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ နှစ်နိုင်ငံသည် လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်အသစ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံဗဟိုဘဏ်၏ စာရင်းအင်းများအရ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၄၆၀ သန်း တန်ဖိုးရှိခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံသည် ထိုင်းသို့ လက်ဖက်ခြောက်နှင့်အဖိုးတန်ကျောက်များ အဓိကတင်ပို့ပြီး လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ရော်ဘာ၊ ပလပ်စတစ်နှင့်ဆေးဝါးများ တင်သွင်းလျက်ရှိပါသည်။

**Source: InternationTrade .www.aljazeera.com**

**Source: https://commerce.gov.mm**

## ယူအေအီးအခြေစိုက် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်တွင် တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်ငွေကြေးများပူးပေါင်းပါဝင်မည်

ယူအေအီးအခြေစိုက် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုစနစ် (Buna) သည် အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်နှင့် အာဖရိကနှင့် ဥရောပနိုင်ငံများမှ ငွေကြေးများကို ၂၀၂၄-၂၀၂၅ ခုနှစ်များအတွင်း ပေါင်းထည့်သွားမည်ဖြစ်ပါသည်။

၎င်းတို့မှ ဆန်းသစ်သောဝန်ဆောင်မှုများကို ဆက်လက်ကမ်းလှမ်းနေပြီး လက်ငင်းငွေပေးချေမှုကဲ့သို့သော ဝန်ဆောင်မှုများစွာကိုလည်း စတင်ဆောင်ရွက်ခဲ့ပြီး ဥရောပနှင့်အာဖရိကတိုက်များ၏ ငွေပေးချေမှုစနစ်များအပြင် တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်အပါအဝင် အခြားနိုင်ငံများမှ Buna လမ်းကြောင်းနှင့် အခြားငွေပေးချေမှုနည်းလမ်းများကို ချိတ်ဆက်ရန် အစပျိုးမှုများစွာကို အကောင်အထည်ဖော်ရန်လုပ်ဆောင်နေကြောင်း၊ အာရပ်ဒေသတွင်း ငွေပေးချေမှုရှင်းလင်းရေး အခြေပြုရေးအဖွဲ့ (Buna) ဥက္ကဋ္ဌ Fahad Al Turki က ဒူဘိုင်းတွင်ပြုလုပ်သော ကမ္ဘာ့အစိုးရများ ထိပ်သီးအစည်းအဝေး ပထမနေ့တွင် ပြောကြားခဲ့ပါသည်။

Buna ၏ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုဖြေရှင်းချက်သည် အာရပ်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေပြီး အရောင်းအဝယ်များတွင် အာရပ်ငွေကြေးများကို အသုံးပြုမှုကိုအားပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး Mohamed bin Hadi Al Hussaini က ပြောကြားခဲ့ပါသည်။

ဤလမ်းကြောင်းသည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရန် လိုက်လျောညီထွေမှု အဆင့်မြင့်ပြီး ယင်းကဲ့သို့ လုပ်ဆောင်ချက်များကို စောင့်ကြည့်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ဒူဘိုင်း၏ဒုတိယအကြီးအကဲနှင့် ယူအေအီးနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး ဖြစ်သူ Sheikh Maktoum bin Mohammed bin Rashid Al Maktoum၊ ၎င်း၏အောင်မြင်မှုများအတွက် Buna ၏ တရားဝင်အသိအမှတ်ပြုပွဲသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါစနစ်သည် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိ ဘဏ်ပေါင်း ၁၀၈ ခုနှင့် ချိတ်ဆက်ထားပြီး နောက်ထပ် ၁၀၅ ခုနှင့်အထက် ဘဏ်များသည် ပလပ်ဖောင်းပေါ်တွင် စတင်အသုံးပြုရန်လုပ်ဆောင်နေပြီး လက်ရှိတွင်၊ အာရပ်ဒေသမှ ငွေကြေးစနစ်လေးခု ဖြစ်သည့် ယူအေအီးနိုင်ငံ၏ Dirham၊ ဆော်ဒီအာရေဗျနိုင်ငံ၏ Riyal၊ အီဂျစ်နိုင်ငံ၏ Pound နှင့် ဂျော်ဒန်နိုင်ငံ၏ Dinar အပြင် အမေရိကန်ဒေါ်လာနှင့် ဥရောပယူရိုတို့သည် ၎င်းလမ်းကြောင်း၏ အစိတ်အပိုင်းများဖြစ်ပြီး အချိန်နှင့်တပြေးညီ ငွေကြေး လွှဲပြောင်းမှုများကို ကုန်ကျစရိတ်သက်သာစွာဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

Buna ၏ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Mehdi Manna က ယနေ့ခေတ်တွင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများသည် နှေးကွေးခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် သုံးစွဲရာတွင် အခက်အခဲများနှင့်ပတ်သက်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေ ရကြောင်း Buna ၏ အဓိကရည်ရွယ်ချက်မှာ ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုကိုမြှင့်တင်ရန်နှင့် အာရပ်နိုင်ငံများ၏ စီးပွားရေးကို အားကောင်းစေရန် အာရပ်ဒေသကိုအထူးအာရုံစိုက်ကာ အဆိုပါစိန်ခေါ်မှုအားလုံးကို ဖြေရှင်းရန်ဖြစ်ကြောင်း ၂၀၂၄ ကမ္ဘာ့အစိုးရများထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

Buna သည် အစိုးရမှ အစိုးရသို့ ငွေပေးချေမှု၊ အစိုးရမှ နိုင်ငံသား၊ တစ်ဦးချင်းမှတစ်ဦးချင်း လွှဲပို့ငွေများအကျုံးဝင်ကာ ၎င်းသည်လက်ရှိတွင် လစဉ်ငွေပေးချေမှုထောင်ပေါင်းများစွာကို လုပ်ဆောင်လျက်ရှိပါသည်။

၎င်းတို့၏ရည်ရွယ်ချက်မှာ အရှိန်အဟုန်နဲ့တိုးတက်လာစေရန်ဖြစ်ပြီး ယခုနှစ်ကုန် သို့မဟုတ် လာမည့်နှစ်အစောပိုင်းတွင် ၎င်းတို့အနေဖြင့်လစဉ် ငွေပေးချေမှု သန်းနှင့်ချီရှိလာမည်ဖြစ်ကာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အာဖရိကနှင့်ဥရောပငွေကြေးများ ပါဝင်လာမှုအရ ယခုနှစ် သို့မဟုတ် နောက်နှစ်တွင် ၎င်းလမ်းကြောင်းသို့ ချိတ်ဆက်သွားမည်ဖြစ်ပြီး Buna သည် ဗဟိုချုပ်ကိုင်မှုရှိသော လမ်းကြောင်းတစ်ခုဖြစ်ကာ အခြေခံအဆောက်အအုံကုန်ကျစရိတ်ကို နည်းပါးစေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

**Source: khaleejtimes.com**

**(စီးပွားရေးသံမှူး၊ ဒူဘိုင်း)**

## STOCK EXCHANGE (14.2.2024)

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:30 am, 14th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 851 (Shares) | 2,744,950 (MMK) |

| MYANPIX | 362.24 ▼ 2.28 |
|---|---|
| Total Volume (shares) | 851 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 683,244 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 1,800 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.52 | -0.25 | -0.07% | 366.68 | 366.83 | 359.36 | 11,064 | 27,078,950 | 8 | 687,554 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 11,064 (Shares) | 27,078,950 (MMK) |

## Main Board

As of 1:00 pm, 13th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,064 (Shares) | 27,078,950 (MMK) |

| MYANPIX | 364.52 ▼ 0.25 |
|---|---|
| Total Volume (shares) | 11,064 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,554 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 100 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |